COMMONWEALTH WAR GRAVES

# ပေးသွင်းသူနှင့်ဆိုင်သည့် ကျင့်ဝတ်စည်းကမ်း

ဓနသဟာယနိုင်ငံ စစ်သင်္ချိုင်းကော်မရှင် (CWGC) သည် ဓနသဟာယနိုင်ငံများမှ ကမ္ဘာစစ်နှစ်ခုအတွင်း စစ်မှုထမ်းရင်း သေဆုံးခဲ့ကြသူများ, သို့မဟုတ် ကမ္ဘာစစ်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ အုတ်ဂူများ, အထိမ်းအမှတ်များ, မှတ်တမ်းများ, နှင့် ၎င်းတို့၏ ဇာတ်လမ်းများကို အထူးဂုဏ်ယူစွာ တာဝန်ယူစောင့်ရှောက်ထားပါသည်.

ကျွန်ုပ်တို့သည် ခိုင်မာသောစောင့်ရှောက်မှုအဖွဲ့အစည်းဖြစ်ပြီး, ကျွန်ုပ်တို့၏ လုပ်ရပ်များ, ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်ကြောင်း, နှင့် မည်သို့လုပ်ပုံကိုင်ပုံများဖြင့် နေ့စဉ် ပြသပေးနေပါသည်. ကျွန်ုပ်တို့၏ ကိုယ်ပိုင်စောင့်ရှောက်မှုစံနှုန်းများသည် မျှော်မှန်းချက်များ, အပြုအမူများ, နှင့် စံသတ်မှတ်ချက်များ မျှဝေခြင်းဖြင့် ကျွန်ုပ်တို့၏ယဉ်ကျေးမှုကို ထင်ဟပ် ဖော်ပြနေပြီး ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ကိုင်နေသော, ကျွန်ုပ်တို့အတွက် အလုပ်လုပ်ပေးနေသောသူများ၏ မျှော်လင့်ချက်နှင့်ထပ်တူဖြစ်ပါသည်.

CWGC နှင့် ဆက်ဆံရေးတစ်ခု တည်ဆောက်ရာတွင်, သင့်အနေဖြင့် အောက်ပါ ဥပဒေရေးရာနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းဥပဒေသ ၈ ခုနှင့်အတူ သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအားလုံးကို လေ့လာပြီး လိုက်နာရန် လိုအပ်ပါသည်:

| | |
|---|---|
| **၁. လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများကို မှန်မှန်ကန်ကန် ထိထိရောက်ရောက်လုပ်ဆောင်ရမည်.**<br><br>**ယင်းအစီအစဉ်တွင် ဆိုရာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**<br><br>• လာဘ်ပေးခြင်း, သို့မဟုတ် ယူခြင်း, မလုပ်ရပါ<br><br>• "လာဘ်ထိုးသည့် ပေးကမ်းမှုများ" (ဥပမာ, အစိုးရဝန်ဆောင်မှုလုပ်ငန်းကို အမြန်ဆောင်ရွက်ရန် သို့မဟုတ် ကောင်းစွာဖြေရှင်းနိုင်ရန် သို့မဟုတ် ထိန်းချုပ်ရန်) မလုပ်ရပါ<br><br>• သက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူဥပဒေများအားလုံးနှင့် ယူကေလာဘ်ပေးလာဘ်ယူဥပဒေကို လိုက်နာရမည် | **၂. အကျိုးစီးပွားအတွက် အငြင်းပွားမှုကို ရှောင်ကြဉ်ရပါမည်.**<br><br>**ယင်းအစီအစဉ်တွင် ဆိုရာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**<br><br>• CWGC ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် သင့်အနေဖြင့် အမြဲတမ်းအလုပ်လုပ်နိုင်ရန် ပြဿနာဖြစ်စေမည့် ငွေကြေးပိုင်းဆိုင်ရာ သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ မည်သည့်အကျိုးအမြတ်ကိုမဆို ရှောင်ကြဉ်ရမည်<br><br>• CWGC ကို သက်ရောက်စေနိုင်မည့် သင်၏ ပုဂ္ဂိုလ်ရေး သို့မဟုတ် ငွေကြေးအကျိုးအမြတ်များကို ဖွင့်ဟဝန်ခံရမည် |

**၃. ကျွန်စနစ် သို့မဟုတ် လူကုန်ကူးမှု, သို့မဟုတ် လူ့အခွင့်အရေးအမြတ်ထုတ်မှုပုံစံများတွင် ပါဝင်ခြင်း, သို့မဟုတ် မသိချင်ယောင်ဆောင်ခြင်း, မပြုရပါ.**

**ယင်းအစီဗွာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- ခြိမ်းခြောက်ခိုင်းစေခြင်း သို့မဟုတ် ကလေးလုပ်သား အသုံးပြုခြင်းမလုပ်ရပါ
- မည်သည့်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ကျွန်များကို အသုံးမပြုရပါ
- သင့်ဝန်ထမ်းများ၏ လှုပ်ရှားမှုကို မထိန်းချုပ်ရပါ
- လူကုန်မကူးရ သို့မဟုတ် သင့်လုပ်ငန်းတွင် လူကုန်ကူးခံရသူများကို အသုံးမပြုရပါ
- ထိုက်သင့်သောအခကြေးငွေပေးပြီး လုပ်အားခကို ထိန်ချုန်ထားခြင်းမပြုရပါ
- ဝန်ထမ်းသဘောတူစာချုပ်များကို နေရာတကျ ထားရှိရမည်
- လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို လိုက်နာရမည်

**၄. သင့်အတွက် အလုပ်လုပ်ပေးသူ, သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များကို, လေးစားတန်ဖိုးထားပြီး, တန်းတူဆက်ဆံရမည်.**

**ယင်းအစီဗွာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- သင့်ဝန်ထမ်းများကို အနိုင်ကျင့်ခြင်း, ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုလုပ်ရ
- ခွဲခြားဆက်ဆံခြင်းမပြုရ
- အသက်အရွယ်, လူမျိုး, အသားအရောင်, နိုင်ငံသား, ဘာသာရေး/ကိုးကွယ်ယုံကြည်မှု, ကျားမအမျိုးအစား, အိမ်ထောင်ရေး/လက်တွဲဖော်အခြေအနေ, ကိုယ်ဝန်ဆောင်ချိန်/မီးဖွားချိန်, လိင် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထုတ်ဖော်မှုကို ထည့်မတွက်ဘဲ မျှမျှတတနှင့် တန်းတူဆက်ဆံပေးရမည်
- သက်ဆိုင်ရာ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးဥပဒေများကို လိုက်နာရမည်

**၅. ဘေးကင်းလုံခြုံ၍ ကျန်းမာသော လုပ်ငန်းခွင်ကို ဖန်တီးပေးရမည်.**

**ယင်းအစီဗွာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- ကျွမ်းကျင်မှုရှိပြီး လိုအပ်သည့်သင်တန်းကို ပြုလုပ်ပေးရမည်
- လုပ်ငန်းသုံးပစ္စည်းများသည် စိတ်ချရမှု, သေချာထိန်းသိမ်းထားမှု, သတ်မှတ်ချက် ကိုက်ညီမှု, ဘေးကင်းစွာအသုံးပြုမှုနှင့် ဘေးကင်းစွာသိမ်းဆည်းထားမှုရှိမရှိ သေချာအောင်လုပ်ပါ

**သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကာကွယ်ပါမည်**

**ယင်းအစီဗွာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများအားလုံးကို လိုက်နာပြီး ဒေသတွင်းအကောင်းဆုံးအစဉ်အလာစံသတ်မှတ်ချက်များကို ပြည့်မီအောင် ကြိုးစားရမည်

- CWGCက ပံ့ပိုးပေးထားသည့် ကျန်းမာရေးနှင့် ဘေးကင်းမှုလမ်းညွှန်ချက်ကိုလိုက်နာပါ
- သက်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းရေးစည်းမျဉ်းကို လိုက်နာပါ

- သင့်လုပ်ငန်းများနှင့် သင်နှင့်, သင်၏ ကြားအဖွဲ့များက, CWGC ကို ပံ့ပိုးပေးသည့် ကုန်ပစ္စည်းများနှင့်/သို့မဟုတ် ဝန်ဆောင်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုကို လျှော့ချရမည်
- စွန့်ပစ်ပစ္စည်းကို ဥပဒေအရဆောင်ရွက်ပါ

**၇. ထုတ်ကုန် သို့မဟုတ် ပစ္စည်းများသည် တရားမဝင် သို့မဟုတ် ကျင့်ဝတ်နှင့်မညီသည့်လုပ်ငန်းများမှ ရရှိလာခြင်းမဟုတ်ကြောင်း သေချာအောင်လုပ်ရမည်.**

**ယင်းအဓိပ္ပာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- တရားမဝင် သို့မဟုတ် ကျင့်ဝတ်နှင့်မညီသည့်လုပ်ငန်းများမှ ရလာသည့် မည်သည့်ပစ္စည်း သို့မဟုတ် ထုတ်ကုန်ကိုမှ CWGC ကို ပေးသွင်းခြင်းမပြုရ (မေးမြန်းလျှင် သက်သေပြနိုင်ရမည်)
- အငြင်းပွားနိုင်သည့် မည်သည့်တွင်းထွက်ပစ္စည်းကိုမှ မဝယ်ရ

**၈. သင့်အနေဖြင့် ကျွန်ုပ်တို့၏ ဉာဏပစ္စည်း, အချက်အလက်နှင့် လျှို့ဝှက်သတင်းများကို ခွင့်ပြုမထားဘဲ ဝင်ရောက်ခြင်း သို့မဟုတ် အသုံးပြုခြင်းမှ ကာကွယ်ရမည်.**

**ယင်းအဓိပ္ပာယ်မှာ သင်, နှင့် သင့်အတွက် အလုပ်လုပ်ပေးသူများသည်,**

- CWGC အချက်အလက်များကို လုံလုံခြုံခြုံနှင့် လျှို့ဝှက်စွာ ထိန်းသိမ်းထားရမည်
- CWGC အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ မမျှဝေရ (သင်၏ ပူးတွဲကန်ထရိုက်တာများအပါအဝင်)
- CWGC တံဆိပ်ပါအဝတ်များကို မဝတ်ဆင်ရ သို့မဟုတ် CWGC ၏ဝန်ထမ်းမှန်း သိသာစေမည့် မည့်သည့်အရာကိုမျှ မလုပ်ရ
- သက်ဆိုင်ရာ အချက်အလက် ကာကွယ်ရေးဥပဒေကိုလိုက်နာရမည်
- မည်သည့်အချက်အလက် သို့မဟုတ် သတင်းလုံခြုံရေးပြဿနာများကို CWGC သို့ ချက်ချင်းတင်ပြပါ

အစပိုင်းနှင့် ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ကိုင်နေသည့်ကာလအတွင်း ထိုလိုအပ်ချက်များကို သင့်အနေဖြင့် လိုက်နာကြောင်း သက်သေခံ အချက်အလက်ကိုပေးရန် တောင်းဆိုပါမည်. သင့်အနေဖြင့် အဆိုပါလိုအပ်ချက်များကို မလိုက်နာ, သို့မဟုတ် မလိုက်နာနိုင်ပါက, သင်နှင့် ဆက်ဆံရေးကို စတင်မည်မဟုတ်ပါ သို့မဟုတ် အဆုံးသတ်ပါမည်.

ကျွန်ုပ်တို့လုပ်ငန်း သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်၏ မည်သည့်အစိတ်အပိုင်းတွင်မဆိုပြဿနာ, အမှား, သို့မဟုတ် ကျင့်ဝတ်နှင့်မညီသည့် လုပ်ဆောင်မှုရှိပါက ထုတ်ဖော်ပြောဆိုရန် တိုက်တွန်းပါသည်. ကျေးဇူးပြု၍ ပြဿနာများကို: concerns@cwgc.org. သို့ မေးလ်ပို့နိုင်ပါသည်

ဤပေးသွင်းသူနှင့်ဆိုင်သည့် ကျင့်ဝတ်စည်းမျဉ်းနှင့်ပတ်သက်၍ မေးစရာ သို့မဟုတ် သိလိုသည်ရှိပါက, ကျေးဇူးပြု၍ ယင်းမေးမြန်းလိုသည့်အချက်များကို CWGC ဆက်သွယ်ရေးသို့ တင်ပြနိုင်ပါသည် သို့မဟုတ် CWGC စည်းကမ်းလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့၏ compliance.ethics@cwgc.orgကို အီးမေးလ်ပို့နိုင်ပါသည်.

**ထိန်းချုပ်ရေးမှု**

| **စာရွက်စာတမ်းအမည်** | **ပေးသွင်းသူနှင့်ဆိုင်သည့် ကျင့်ဝတ်စည်းကမ်း (တစ်မျက်နှာ)** | |
|---|---|---|
| **မူ** | **1.0** | |
| **စာရွက်စာတမ်းပိုင်ရှင်** | **အကျိုးဝင်သည့်ရက်စွဲ** | **သုံးသပ်ရန် ရက်စွဲ** |
| အထွေထွေရှေ့နေ | 01/12/2023 | 01/12/2025 |